## ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော်

## နှင့်

## မြန်မာနိုင်ငံစာရင်းကောင်စီ/မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းမှ တာဝန်ရှိပုဂ္ဂိုလ်များ တွေ့ဆုံခြင်း

## သတင်းထုတ်ပြန်ချက်

ပြည်ထောင်စုစာရင်းစစ်ချုပ်ဒေါက်တာကံဇော်သည် ၂၂-၅-၂၀၂၃ ရက်နေ့ နံနက် ၁၀ နာရီတွင် မြန်မာနိုင်ငံစာရင်းကောင်စီ/ မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းမှ တာဝန်ရှိပုဂ္ဂိုလ်များကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်သင်တန်းကျောင်း အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင်မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌပြည်ထောင်စုစာရင်းစစ်ချုပ်ကနှုတ်ခွန်းဆက်စကား ပြောကြားပြီး နိုင်ငံတော်တိုးတက်ဖြစ်ပေါ်ပြောင်းလဲမှုများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်း (၅) ရပ်နှင့်ဦးတည်ချက် (၉) ရပ်ကို အခြေခံကာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရန်အတွက် ကဏ္ဍပေါင်းစုံမှ ဝိုင်းဝန်းကြိုးပမ်းလျက်ရှိရာတွင် စာရင်းပညာနယ်ပယ်ဖွံ့ဖြိုးတိုးတက်မှုသည်လည်းနိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်ချက်တစ်ရပ်ဖြစ်သည့်အားလျော်စွာ နိုင်ငံတကာစံများနှင့်အညီလိုက်နာဆောင်ရွက်မည့် စာရင်းပညာရှင်များ၊ စာရင်းကျွမ်းကျင်သူများပိုမိုပေါ်ထွန်းလာစေရေးအတွက်မြန်မာနိုင်ငံစာရင်းကောင်စီက Regulatory Body အဖြစ်အများပြည်သူသို့စာရင်းဝန်ဆောင်မှုပေးသည့် စာရင်းလုပ်ငန်းလုပ်ကိုင်သူများကို ကြီးကြပ်ခြင်းမှတစ်ဆင့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲတိုးတက်နေသော နိုင်ငံတကာအဆင့်အတန်းမီအဆင့်မြင့်စာရင်းပညာများကို တတ်မြောက်ကျွမ်းကျင်သည့် စာရင်းပညာရှင်များ အရေအတွက်ပိုမိုတိုးတက်စေရန်နှင့် စာရင်းပညာရှင်များ၏အရည်အသွေး၊ အရည်အချင်းများပိုမိုပြည့်ဝစေရန် မြန်မာနိုင်ငံစာရင်းကောင်စီ၏ဦးဆောင်မှုဖြင့် စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ စာရင်းပညာနယ်ပယ်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အမျိုးသားအဆင့်စာရင်းပညာရှင်အဖွဲ့အစည်းဖြစ်သည့်မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း (Myanmar Institute of Certified Public Accountants - MICPA) ၏ ပါဝင်မှုအခန်းကဏ္ဍသည် လွန်စွာအရေးပါခြင်းကြောင့် MICPA အသင်းဝင်များအနေဖြင့် နိုင်ငံတော်တည် ဆောက်ရေးတွင် မိမိတို့တတ်ကျွမ်းထားတဲ့ပညာရပ်များဖြင့်ကျရာကဏ္ဍမှ ပါဝင်ကြိုးပမ်း ထမ်းဆောင်စေလိုကြောင်း၊ ၂၀၁၄ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည့် ASEAN MRA on Accountancy Services ကို အခြေခံလျက် မြန်မာနိုင်ငံမှ CPA လက်မှတ်ရစာရင်း ပညာရှင်များကို ASEAN

CPA လက်မှတ်များအပ်နှင်းပေးလျက်ရှိရာ စုစုပေါင်း ASEAN CPA ၄၀၀ ကျော်ကိုလည်း မွေးထုတ်ပြီးဖြစ်ကြောင်း၊ လာမည့်နို့ဝင်ဘာလမှစတင်၍ ပြည်ထောင်စုစာရင်းစစ်ချုပ်က အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့ (ASEANSAI) ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ မြန်မာ နိုင်ငံစာရင်းကောင်စီပြန်လည်ဖွဲ့စည်းရန်အတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း နှင့် ဒီပလိုမာစာရင်းကိုင်သင်တန်းများကို ပြန်လည်ဖွင့်လှစ်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်စေလိုကြောင်း အဖွင့်အမှာစကားပြောကြားပါသည်။

မြန်မာနိုင်ငံစာရင်းကောင်စီ ၊ မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းမှ နာယက ဦးဝင်းသင် ၊ ဥက္ကဋ္ဌ ဦးဝမ်းတင် နှင့် တာဝန်ရှိသူများက စာရင်းပညာနယ်ပယ်ဖွံ့ဖြိုးတိုးတက်ရန်အတွက် လက်ရှိ အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို အစီအစဉ်အတိုင်းဆွေးနွေးကြပါသည်။

နိဂုံးချုပ်အနေဖြင့် မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌ ပြည်ထောင်စုစာရင်းစစ်ချုပ်က အရည်အချင်းပြည့်မီသော စာရင်းပညာရှင်များ ပိုမိုမွေးထုတ်နိုင်ရေးအတွက် စာရင်းပညာသင်တန်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး၊ သင်ရိုးညွှန်းတမ်းများကိုလည်း ခေတ်နှင့်အညီ ပြုပြင်မွမ်းမံရေး၊ စာရင်းလုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတကာစံများ၊ စောင့်ထိန်းရမည့် ကျင့်ဝတ်သိက္ခာများ (Professional Ethics) နှင့်အညီ လိုက်နာဆောင်ရွက်စေရေး နှင့် နိုင်ငံတော်နှင့်ပြည်သူအတွက် အထောက်အကူပြုပြီး နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်သော အရည်အချင်းပြည့်စာရင်းပညာရှင်များ ဖြစ်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း လမ်းညွှန်မှာကြားခဲ့ပါသည်။